# လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ

ရောဂါကြောင့်သော်လည်းကောင်း၊ မတော်တဆထိခိုက်မှုကြောင့်သော်လည်းကောင်း၊ ဆေးရုံတက်၍ကုသမှုခံယူခြင်း၊ မတော်တဆမှုကြောင့် သေဆုံးခြင်းများအတွက် အကျိုးခံစားခွင့်ပြန်လည်ရရှိနိုင်သော အာမခံအမျိုးအစားဖြစ်ပါသည်။

**အာမခံထားနိုင်သူ** - အသက် (၆) နှစ် မှ (၇၅) နှစ် အတွင်းရှိသူများ။
(တစ်ဦးချင်းသော်လည်းကောင်း၊ အစုအဖွဲ့ဖြင့်သော်လည်းကောင်း ထားရှိနိုင်ပါသည်။)

**အာမခံသက်တမ်း** - (၁) နှစ်

**ပရီမီယံနှုန်း** - အာမခံထားသူ၏ အသက်အရွယ်ပေါ်မူတည်၍ ပရီမီယံနှုန်းကွဲပြားမှုရှိပါသည်။

## လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံပရီမီယံ

| စဉ် | အာမခံအကာအကွယ် | အသက် | ပရီမီယံ |
|---|---|---|---|
| ၁။ | လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံအကာအကွယ် | ၆ ~ ၃၀ | ၅,၀၀၀ |
| | | ၃၁~၄၀ | ၅,၅၀၀ |
| | | ၄၁~၅၀ | ၆,၅၀၀ |
| | | ၅၁~၆၀ | ၈,၅၀၀ |
| | | ၆၁~၇၅ | ၁၃,၀၀၀ |

## အကျိုးခံစားခွင့်ရရှိနိုင်မှုအခြေအနေများ

| စဉ် | အာမခံအကာအကွယ် | အာမခံအကျိုးခံစားခွင့် | အကျိုးခံစားခွင့်ငွေ (ကျပ်) |
|---|---|---|---|
| ၁။ | လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှု အာမခံအကာအကွယ် | - ရောဂါကြောင့်ဆေးရုံတက်ကုသခြင်း<br>- မတော်တဆမှုကြောင့်ဆေးရုံတက်ကုသခြင်း | - တစ်နှစ်လျှင်ဆေးရုံတက်ရက် (၁) ရက်ကျပ် ၅,၀၀၀/-အများဆုံးရက်ပေါင်း (၆၀) ထိသာ |
| | | -မတော်တဆမှုကြောင့်ထိခိုက်သေဆုံးခြင်း | -ကျပ် ၅၀၀,၀၀၀/- |

## အကျိုးခံစားခွင့်အကျုံးမဝင်သည့်အချက်များ

အောက်ဖော်ပြပါ ကိစ္စရပ်တစ်ခုခုနှင့်ပတ်သက်၍ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဖြစ်ပေါ်ခံစားရသော ဒဏ်ရာရခြင်း၊ ရောဂါရရှိခြင်း၊ ဆေးရုံတက်ရောက်ခြင်း၊ မတော်တဆမှုတို့ကြောင့်သေဆုံးခြင်းတို့အတွက် အကျိုးခံစားခွင့် အကျုံးဝင်မည်မဟုတ်ပါ။

(၁) ဆေးကုသမှုခံယူနေခြင်း၊ ဆေးကုသရန် ဆရာဝန်၏ထောက်ခံချက်ရရှိထားခြင်း၊ ရောဂါလက္ခဏာရှိပြီးသား ဖြစ်နေခြင်း။

(၂) စိတ်ပေါ့သွပ်ခြင်း၊ စိတ်ရောဂါဝေဒနာများကြောင့်ဖြစ်ခြင်း။

(၃) ကျန်းမာရေးဆေးစစ်ရန် နှင့် အနားယူအားမွေးရန် ဆေးရုံတက်ခြင်း။

(၄) သားသမီးရလိုမှုဖြင့် ဆေးရုံတက်ခြင်း နှင့် ခွဲစိတ်ကုသခြင်း။

(၅) မတော်တဆထိခိုက်ဒဏ်ရာရခြင်းမှအပဖြစ်သော သွားနှင့်ပတ်သက်သည့် ကုသမှုအတွက်ဖြစ်ခြင်း။

(၆) မတော်တဆထိခိုက်ဒဏ်ရာရခြင်းမှအပဖြစ်သော မျက်မှန်အပါအဝင်၊ မျက်စိစမ်းသပ်ခြင်း၊ အမြင်သွေဖယ်ခြင်း၊ မျက်စိကုသခြင်း၊ အမြင်အာရုံကောင်းမွန်လာအောင်ပြုပြင်ရန်ဖြစ်ခြင်း။

(၇) အလှအပအတွက်ဖြစ်ခြင်း။

(၈) နားကြားကိရိယာတပ်ဆင်ရန်အတွက် ဖြစ်ခြင်း။

(၉) ကိုယ်ခန္ဓာချို့ယွင်းခြင်း (Physical Defect) (သို့မဟုတ်) မသန်စွမ်းခြင်း(Infirmity)။

(၁၀) မူးယစ်ဆေးဝါးသုံးစွဲခြင်း။

(၁၁) ကိုယ်တိုင်ရာဇဝတ်မှုကျူးလွန်ခြင်း။

(၁၂) AIDS/HIV ဖြစ်ခြင်း။

(၁၃) အကြမ်းဖက်ဖျက်ဆီးခြင်း၊ အဓိကရုဏ်း၊ စစ်နှင့်စစ်အသွင်ဖြစ်ပွားခြင်း။

(၁၄) ရောဂါကြောင့် ဆေးရုံတက်ရက်ပေါင်းသည် (၃) ရက်နှင့်အောက်ဖြစ်သောဆေးကုသမှုများ။

(၁၅) လိမ်လည်တောင်းခံသည့်ဖြစ်ရပ်များ။

(၁၆) မိမိကိုယ်ကိုသတ်သေခြင်း။

## အာမခံထားရှိလိုပါက

FNI (Life) ရုံးချုပ် နှင့် ရုံးခွဲများသို့လည်းကောင်း၊ FNI (Life) နှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော အာမခံကိုယ်စားလှယ်များသို့လည်းကောင်း ဆက်သွယ်၍ အာမခံထားရှိနိုင်ပါသည်။